www.facebook.com/themyawadydaily

ဒို့တာဝန် အရေးသုံးပါး
◆ ပြည်ထောင်စုမပြိုကွဲရေး။
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ နေ့စဉ်

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

ထကြွလုံ့လရှိရာ၏။ သတိမမေ့ရာ။ သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်ရာ၏။ တရားကျင့်သော သူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစွာနေရ၏။

ဓမ္မပဒ

သတင်းထူးပြီးမှန်ရမည်၊ သတင်းဦးပြီးမြန်ရမည် မြဝတီမှ မြဝတီ

the Myawady Daily

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ အင်္ဂါနေ့ | အတွဲ(၇)၊ အမှတ်(၈၄)

နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်ထုတ်ပြန် စာ - ၉ သို့

# မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့်အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သံရုံးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားရာတွင် စာမျက်နှာ ၁၀ ကော်လံ ၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဓာတ်ပုံ-ကျော်လွင်

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့အား အခမဲ့ဖွင့်လှစ်ပြသမည်

စာ - ၉ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅ ˚C / ၃၄ ˚C |
| ရန်ကုန် | ၂၁ ˚C / ၂၉ ˚C |
| မန္တလေး | ၂၅ ˚C / ၃၅ ˚C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

## ပုပ္ပားတောင်၌ထပ်မံတွေ့ရသည့် ကျောက်ဖြစ်နေသော သစ်တော၊ ရေးဆင်များနှင့် သံချပ်ဖိုဟောင်းများကို ထိုင်းသုတေသနပညာရှင်များ လာရောက်လေ့လာမည်

မန္တလေး ဇူလိုင် ၁၀

ပုပ္ပားတောင်ကို ယူနက်စကို၏ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ(Global Geo Park)အဖြစ် တင်သွင်းရန် သုတေသနပြုရာတွင် သစ်တောတစ်ခုလုံး ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသည့်နေရာနှင့် ရှေးဟောင်းဆင်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရှေးဟောင်းသံချပ်ဖိုများအား ထပ်မံတွေ့ရှိရသဖြင့် အဆိုပါတွေ့ရှိချက်ကို ထိုင်းသုတေသနပညာရှင်များက လာရောက်လေ့လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများကို ပုပ္ပားဒေသ သံဖိုရွာ၌ စာမျက်နှာ ၁၂ ကော်လံ ၄




www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## အယ်ဒီတာ့အာဘော်

(၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်)

# လျှပ်စစ်ဓာတ်အားစနစ်တကျသုံးစွဲရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များဖြစ်သည့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး၊ အာဟာရပြည့်ဝရေးနှင့် ပညာရေးတို့တွင် ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ပေးရေး၊ အခြေခံအဆောက်အဦများမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးတို့အတွက် ကမ္ဘာ့ဘဏ်ကအကူအညီပေးရန် နိုင်ငံတော်အစိုးရနှင့်ကမ္ဘာ့ဘဏ်အုပ်စုတို့ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံအစိုးရကဆောင်ရွက်နေသော ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကို ပြည်သူတိုင်းမျှဝေခံစားနိုင်ရန် ရည်မှန်းချက်ချမှတ်ထားပြီး လာမည့်နှစ်နှစ်အတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် နည်းပညာအကူအညီများပေးမည်ဖြစ်သည်။

ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များကို ပြည်သူတိုင်းမျှဝေခံစားနိုင်ရန်မှာ ပြည်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမြှင့်တင်ပေးရန် ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုဦးစီးဌာနသည် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၂၀၁၇ ခုနှစ် ဇွန်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆၆ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၈၅၁ ဒသမ ၉၃၂ သန်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လျှပ်စစ်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများကို ဦးစားပေးလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေအားလျှပ်စစ်၊ အဏုမြူစွမ်းအင်တို့မှ အများဆုံးထုတ်ကြပြီး လေ၊ နေရောင်ခြည်စသည့် အခြားနည်းအသုံးပြုထုတ်လုပ်သောပမာဏမှာ ၅ ရာခိုင်နှုန်းစီသာရှိကြသည်။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရေအားလျှပ်စစ် ၆၃ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၃၂ ရာခိုင်နှုန်းနှင့်အခြားနည်း ၅ ရာခိုင်နှုန်းရှိသည်။

နိုင်ငံပိုင်စက်ရုံများက လျှပ်စစ်ဓာတ်အားတစ်ယူနစ်ထုတ်လုပ်စရိတ်မှာ ပျမ်းမျှ ၉၁ ဒသမ ၉၂ ကျပ်ဖြစ်ပြီး ကောက်ခံရရှိငွေမှာ ၆၉ ဒသမ ၂၂ ကျပ်သာရှိကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အားသည် လူတစ်ဦးချင်းအသုံးအဆောင်ပစ္စည်းများ၊ မိသားစုသုံးပစ္စည်းများမှစ၍ အသေးစား၊ အလတ်စား၊ အကြီးစားစီးပွားရေးလုပ်ငန်းများအထိ အသုံးဝင်သောကြောင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိသဖြင့် လူတို့အတွက်မိတ်ဆွေဖြစ်သည်။ လျှပ်စစ်ဓာတ်အားကို သုံးတတ်လျှင် မိတ်ဆွေဖြစ်သကဲ့သို့ မသုံးတတ်လျှင် မီးလောင်ဆုံးရှုံးမှုကို ဖြစ်စေတတ်သည်။

ယခုဇူလိုင်လအတွင်း မီးလောင်မှုသတင်းများတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် အမှတ်(၅) ရပ်ကွက်၌ နေအိမ်ရှေ့ခန်းတွင် တပ်ဆင်ထားသောမီးအားမြှင့်စက် ပလတ်ခုံအပူလွန်ပြီး မီးလောင်သည့်ဖြစ်စဉ်တစ်ခု ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင်ရှိခဲ့သည်။ မိသားစုများ အပြင်သွားနေချိန်မီးလောင်ခြင်းဖြစ်သဖြင့် လူထိခိုက်မှုမရှိကြောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်လိုက်ခြင်းကြောင့် ဘေးအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

ကယားပြည်နယ် ဘောလခဲမြို့နယ် ရေနီပေါက်ကျေးရွာတွင် ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းထားရာမှ အနီးရှိ အိမ်ထရံကို မီးကူးစက်လောင်ကျွမ်းသောဖြစ်စဉ်တစ်ခု ဇူလိုင် ၂ ရက် နံနက်ပိုင်းကရှိခဲ့သည်။ မီးလောင်သည့်ဖြစ်စဉ်ကို အချိန်မီသိရှိသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများဝိုင်းငြိမ်းသတ်လိုက်ခြင်းကြောင့် ဘေးအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းရပ်ကွက်ရှိ နေအိမ်အပေါ်ထပ်တွင် တယ်လီဖုန်းအားသွင်းထားရာမှ အပူလွန်ကဲပြီး မီးစလောင်သဖြင့် နေအိမ်နှင့်အသုံးအဆောင်ပစ္စည်းအချို့ ဆုံးရှုံးသွားသောဖြစ်စဉ်တစ်ခု ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းကရှိခဲ့သည်။ မီးလောင်သည့်အိမ်ကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများဝိုင်းဝန်းငြိမ်းသတ်လိုက်ခြင်းကြောင့် ဘေးအိမ်များကူးစက်လောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ဇူလိုင် ၆ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် ၂၈ လုံး၊ လိုက်ထရပ်မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်နှစ်စီးမီးလောင်ဆုံးရှုံးသွားသည်။ မီးလောင်သည့်နေရာသို့ မီးသတ်ယာဉ်အစီး ၅၀၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၃၀၀ တို့က ငြိမ်းသတ်လိုက်သဖြင့် မွန်းတည့်ချိန်တွင် မီးလုံးဝငြိမ်းသွားသည်။ မီးစတင်လောင်ကျွမ်းရသည့်အကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးမသိရသေးဟုဆိုပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက်တွင်ပါဝင်သော လျှပ်စစ်ဓာတ်အားကို အကျိုးရှိအောင် စနစ်တကျသုံးစွဲတတ်သော အလေ့အကျင့်ကောင်းရှိကြမှသာ အားလုံးအကျိုးရှိနိုင်ကြောင်း မြဝတီက တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများပေးအပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် ကျောင်းသားတစ်ဦးအား ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ဒိုးသောင်ကျေးရွာ၊ မွေတော်စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၅ ဦးတို့ကို တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ သွေးတိုးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ မျက်စိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများကို အဆိုပါအိမ်ရာ မြရတနာဓမ္မာရုံ၌ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာခုနစ်ဦးကို တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေး အဖွဲ့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့ရှိ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူ ၂၅၇ ဦးတို့ကို အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်း စသည့်ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် သွားနှင့်ခံတွင်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံလွှဲပြောင်းကုသရန်လိုအပ်သော ဆရာမနှစ်ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ကိုးဦးတို့ကိုလည်း နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆက်လက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

မြဝတီ နေ့စဉ် The Myawady Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဒုတိယဗိုလ်မှူးကြီးသက်အောင် |
| စာတည်းမှူး(မြန်မာ) | - | ဗိုလ်မှူးမျိုးဝင်းနိုင် |
| စာတည်းမှူး(အင်္ဂလိပ်) | - | ဦးတင်မောင်သန်း |
| စာတည်းအရာရှိများ | - | ဗိုလ်ကြီးထက်မျိုးနိုင်၊ ဗိုလ်ကြီးထွန်းထွန်းနိုင်၊ ဗိုလ်ကြီးထက်မြတ်၊ ဗိုလ်ကြီးခန့်ဇိုးအောင် |
| စာတည်း(တွဲဖက်)များ | - | ဦးသောင်းတင်၊ ဦးသိန်းသူ၊ ဦးတိုးတိုးအောင်၊ ဦးညွန့်ဝင်း |
| နေပြည်တော်သတင်းတာဝန်ခံ | - | ဗိုလ်ကြီးညွန့်ဇော်အောင် |
| ရန်ကုန်သတင်းတာဝန်ခံ | - | ဗိုလ်မှူးမျိုးဇော်၊ ဗိုလ်ကြီးစံဝင်းသူ |
| နေပြည်တော် | - | စာတည်းအဖွဲ့ ၀၆၇-၃၄၃၉၉၉၊ ဖက်စ် ၀၆၇-၃၄၉၉၉၉/၀၆၂-၃၀၂၆၂ ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၃၀၀၆၊ ၀၆၇-၃၄၃၀၀၈၊ ဘုရင့်နောင်ရိပ်သာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ |
| ရန်ကုန်(ရုံးခွဲ) | - | စာတည်းအဖွဲ့ ၀၄၀-၃၄၀၂၂၊ ဖြန့်ချိရေး ၀၁-၄၀၀၈၉၇၊ ကြော်ငြာ ၀၁-၄၉၇၄၃၄၀၊ အမှတ်(၁၅) တစ်မြို့မိုးဘောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မန္တလေး(ရုံးခွဲ) | - | တာဝန်ခံ ၀၉-၄၀၀၄၁၀၄၂၀၆၊ ၀၂-၆၆၆၅၁၊ ၈၄လမ်း၊ ၂၉x၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် | - | ၀၀၃၃၈/၀၀၄၉၄ |
| စတင်ထုတ်ဝေသည့်ရက် | - | ၂၀၀၀ ခုနှစ် ဧပြီလ ၁ ရက် |

E-Mail - mwdpress@hotmail.co.uk Website - www.myawady.net.mm

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



## နိုင်ငံရေးဆိုတာ

နိုင်ငံရေးဆိုတာ ခဏတစ်ဖြုတ်လုပ်တဲ့ဟာမျိုးမဟုတ်ဘူး။ အမြဲတမ်းလုပ်ရမယ်။ အမြဲတမ်း ရှိနေတယ်။ နိုင်ငံရေးဆိုတာက တစ်ခါတစ်ရံမှ အစည်းအဝေးလုပ်ပြီးတော့ စင်မြင့်ပေါ်ကပြောတဲ့ လူကပြော၊ နားထောင်တဲ့လူကနားထောင်တဲ့ကိစ္စမျိုးမဟုတ်ဘူး။

(၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက် ဖဆပလပြည်လုံးကျွတ်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# အာဇာနည်နေ့အကြို ဗိုလ်ချုပ်ပြတိုက်ပြင်ဆင်ဆောင်ရွက်ထားရှိမှု

**ဝန်းရံခ**

**မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့သည် မကြာမီ နှစ်(၇၀)ပြည့်တော့မည် ဖြစ်သည်။ ဤမျှအချိန်များကြာမြင့်စေကာမူ နိုင်ငံတစ်ဝန်း ပြည်သူများ၏ရင်ထဲ၌ မြဲမြံဆည်းနိုင်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် အတွင်းဝန်ရုံးတို့ကို အများပြည်သူတို့ အဆင်ပြေလွယ်ကူစွာ ဝင်ရောက်လေ့လာ၊ ဂါရဝပြုနိုင်ရန် တာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်ထားမှုများအနက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ယခင်နှစ်များနှင့်မတူ ယခုနှစ်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ ပြတိုက်တာဝန်ရှိသူတစ်ဦးကို သွားရောက်တွေ့ဆုံမေးမြန်း ဖြစ်သည်များကို တင်ပြလိုက်ရပါသည်။**



**အမည်နဲ့ တာဝန်ယူထားမှုအပိုင်းကို ပထမဆုံးပြောကြားပေးပါခင်ဗျာ။**

ကျွန်မက ဒေါ်သီသီသောင်းပါ။ ဗိုလ်ချုပ် ပြတိုက်တာဝန်ခံပါ။

**ဒီနှစ်မှာ ဗိုလ်ချုပ်ပြတိုက်ကို ဘယ်လို ပြင်ဆင်ထားပါသလဲ။**

နှစ်(၇၀)မြောက်မှာ ထူးထူးခြားခြားပြင်ဆင်ခင်းကျင်းထားတာတွေ ရှိပါတယ်။ ပထမဆုံးပြတိုက်ကို အချိန်စောဖွင့်လှစ်သွားပါမယ်။ အရင်နှစ်တွေက နံနက် ၈ နာရီမှာ ဖွင့်လှစ်ပေမယ့် ဒီနှစ်မှာတော့ နံနက် ၇ နာရီကနေ စတင်ဖွင့်လှစ်ပေးသွားမှာပါ။ ယခင်နှစ်အတွေ့အကြုံတွေအရ ပြတိုက်စဖွင့်တဲ့နေ့မှာ ဗိုလ်ချုပ်ပြတိုက်ကို လာရောက်လေ့လာတဲ့သူတွေ အရမ်းများပါတယ်။ အရင်လာတဲ့သူတွေအနေနဲ့ စောစောဝင်နိုင်အောင် စီစဉ်ထားပါတယ်။ ရပ်ဝေး၊ ရပ်နီးက လာရောက်လေ့လာသူတွေကို ကမ်းဖို့ ရေသန့်ဘူးလှူထားတာတွေလည်း ရှိပါတယ်။ ပြတိုက်လာသူတွေကို အဲဒီနေ့မှာပေးမှာပါ။

**ဒီနှစ်ပြတိုက်မှာ ပြသသွားမယ့် အစီအစဉ်အသစ်တွေရှိရင် ပြောပေးပါဦး။**

ဒီနှစ်မှာဆိုရင် ပြတိုက်ကိုတက်တဲ့လမ်းတစ်လျှောက်မှာ ဗိုလ်ချုပ်ရဲ့အဆိုအမိန့်တွေကို ဘေဘုတ်တွေနဲ့ ပြသသွားမှာပါ။ အရင်ကတော့ ဗိုလ်ချုပ်ရဲ့ ရှားပါးပုံတွေကို ပြသခဲ့တာပါ။




**တခြားသီးခြားအစီအစဉ်အနေနဲ့ရော။**

နှစ်(၇၀)မြောက်မှာ ထူးခြားစွာခင်းကျင်းထားတာကတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဒုတိယမြောက်သား အောင်ဆန်းလင်း စာသင်ခဲ့တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ သင်္ချာလက်ရေးမူတွေ၊ ရေနစ်သေဆုံးခဲ့တဲ့နေ့က စာသင်ခဲ့တဲ့ လက်ရေးမူစာအုပ်တွေကို ပြသသွားပါမယ်။ သူက စိန့်ပေါလ်ကျောင်းသားပါ။ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ ရေနစ်သေဆုံးခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူမသေခင် နံနက်ပိုင်းက ကျောင်းမှာ ရေနစ်သေတဲ့အကြောင်းကို သင်ခဲ့ရပြီး အဲဒီနေ့ရက်စွဲနဲ့ အင်္ဂလိပ်စာ၊ မြန်မာစာ နှစ်ဘာသာမှာ ရေးထားတာတွေ့ရပါတယ်။ အင်္ဂလိပ်စာမှာ သူသင်ခဲ့ရတဲ့ ရေနစ်သေတဲ့အကြောင်းကို စာလုံးကြီးကြီးနဲ့ ကော်ပီပြန်ကူးပြီး အများပြည်သူကို ပြသသွားပါမယ်။ နောက်ပြီးတော့ အောင်ဆန်းလင်းဆော့ကစားလေ့ရှိတဲ့ စီးကရက်ဘူးခွံကတ်လေးတွေကိုလည်း ပြသသွားပါမယ်။ အဲဒီခေတ်က ဗိုလ်ချုပ်က ဆေးလိပ်သောက်မယ်။ အစည်းအဝေးလုပ်တဲ့အခါမှာ လာတဲ့ဧည့်သည်တွေကိုလည်း ဆေးလိပ်တိုက်မယ်။ အဲဒီစီးကရက်ဘူးခွံကတ်တွေကို ဒေါ်ခင်ကြည်က ကတ်ကြေးနဲ့ ညှပ်ပြီး ဆော့ဖို့ပေးထားတယ်။ အခုခေတ်အရဆိုရင်တော့ ပိုကီမွန်ဂိမ်းကစားနည်းလေးပေါ့။ အောင်ဆန်းလင်းနဲ့ပတ်သက်လို့ သူ့ရဲ့အဝတ်အစားတွေကို အံဆွဲလေးမှာ နှစ်ထပ်စင်တွေနဲ့ အာဇာနည်နေ့မှာ ဖွင့်လှစ်ပြသသွားမှာပါ။ အရင်ကတော့ ဗီရိုထဲမှာပဲ ထည့်ထားတဲ့အတိုင်း ပြသထားတာပါ။

**ဗိုလ်ချုပ်နဲ့ပတ်သက်ပြီး ဘာတွေထပ်ပြသဖို့ရှိလဲ။ ယခင်အထိမ်းအမှတ်နေ့တွေမှာ လာရောက်လေ့လာသူ ဘယ်လောက်ရှိပါသလဲ။**

နောက်တစ်ခုကတော့ ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလန်ကိုသွားတယ်။ အောင်ဆန်းအက်တလီစာချုပ်ချုပ်ဆိုတဲ့အချိန်မှာ အိန္ဒိယဝန်ကြီးချုပ်နေရူးက လက်ဆောင်ပေးထားတဲ့ သက္ကလတ်လောင်းကုတ်ကြီးကို ဒီနှစ်မှာ အမျိုးသားပြတိုက်မှာရှိတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေက ဓာတုဗေဒသန့်စင်နည်းနဲ့ ရေရှည်ထိန်းသိမ်းခံအောင် လုပ်ထားတယ်။ အဲဒီလောင်းကုတ်ကြီးကိုလည်း သီးခြားပြသပေးထားမှာပါ။

ဗိုလ်ချုပ်ပြတိုက်ကို ပုံမှန်လာရောက်လေ့လာကြည့်ရှုသူနည်းပါးပေမယ့် နေ့ထူးနေ့မြတ်တွေမှာ လာရောက်သူများပြားပါတယ်။ အထူးသဖြင့် အာဇာနည်နေ့မှာ ရပ်နီး၊ ရပ်ဝေးမှ ဧည့်သည်တွေနဲ့ နိုင်ငံခြားသားတွေအပါအဝင် လာရောက်လေ့လာသူ လူဦးရေသောင်းနဲ့ချီရှိပါတယ်။ ပြတိုက်ကိုတော့ ၁၉၉၉ ခုနှစ်မှာ အကြီးစားပြင်ဆင်ခဲ့ပြီး ဝင်ကြေးမှာ အခမဲ့ဖြစ်ပါတယ်။

# လူငယ်များအနေဖြင့် ဘာသာပြန်လုပ်ငန်းများတွင် လုပ်ကိုင်မှု ပိုမိုများပြားလာ

ရန်ကုန် ဇူလိုင် ၁၀

သက်ဆိုင်ရာဘာသာရပ်အလိုက် ဘာသာစကား ကျွမ်းကျင်သူများနှင့် ဘာသာစကားသင်တန်းပြီးဆုံးထားသူများသည် အလုပ်ချိန်၊ စာသင်ချိန်ပြင်ပတွင် ပြုလုပ်နိုင်သော ဘာသာပြန်လုပ်ငန်းကို အပိုဝင်ငွေရှာသည့် အလုပ်တစ်ခုအဖြစ် လုပ်ကိုင်လာကြသည်ဟု အချိန်ပိုင်း ဘာသာပြန်သည့် လူငယ်များထံမှ သိရသည်။

ယခုနောက်ပိုင်းနှစ်များအတွင်း လူငယ်အများစုမှာ အင်္ဂလိပ်စာကို လေ့လာသင်ယူကြပြီး ဘာသာပြန်ဆိုခြင်းကိုလည်း စိတ်ဝင်စားလာသဖြင့် ဘာသာပြန်သူများလာကာ ပေးချေသည့်လုပ်အားခနှုန်းမှာလည်း ယခင်နှင့်နှိုင်းယှဉ်ပါက လျော့နည်းသွားကြောင်း သိရသည်။

ပြည်ပကုမ္ပဏီများ ဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို ဘာသာပြန်သည့် လုပ်ငန်းများရှိလာခြင်းကြောင့် ဘာသာပြန်လုပ်ကိုင်လိုသူများအတွက် အခွင့်အရေးတစ်ရပ်အဖြစ် တည်ရှိလာပြီး အင်္ဂလိပ်ဘာသာစကားတစ်မျိုးတည်းမဟုတ်ဘဲ တခြားဘာသာစကား တတ်မြောက်သူများအတွက်လည်း အခွင့်အလမ်းတစ်ခုဖြစ်လာသည်။

"ရုပ်ရှင်ဇာတ်ကားတွေကို ဘာသာပြန်တာက ဈေးမတူဘူး။ တချို့က ပြောတဲ့အတိုင်းပဲ ဘာသာပြန်လိုက်တာဆိုရင် ဈေးကနည်းတယ်။ အခွေတစ်ခွေလုံးကိုကြည့်ပြီး ဆီလျော်အောင် ဘာသာပြန်တာဆိုရင် အနည်းဆုံး လေးသောင်းလောက်ရတယ်" ဟု အချိန်ပိုင်းဘာသာပြန်သည့် မပြည့်ပြည့်ထွန်းက ပြောသည်။

ဘာသာပြန်လုပ်ငန်းကို အချိန်ပြည့်လုပ်ကိုင်ရန်မှာ တစ်ရက်လျှင်ပြန်ဆိုလိုသည့် စာမျက်နှာကို အတိအကျခန့်မှန်းရန် မဖြစ်နိုင်သဖြင့် အချိန်ပိုင်းအလုပ်ကိုသာ လုပ်ကိုင်ချင်သူပိုများကြောင်း၊ ဘာသာပြန်သည့်နေရာတွင် ပြန်ဆိုရသည့်အကြောင်းအရာပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်များရှိပြီး ဥပဒေအကြောင်းနှင့်ပတ်သက်သည်များကို ပြန်ဆိုရသည့်အခါတွင် တာဝန်ကြီးပြီး အတွေ့အကြုံရှိသူများသာ ပြန်ဆိုနိုင်သည့်အတွက် ဈေးပိုရကြောင်း သိရသည်။

**မြတ်လေးငုံ**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်း ဝါဆိုပန်းဆက်ကပ်လှူဒါန်း



ကော့သောင်း ဇူလိုင် ၁၀

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူး ဖောင်ဒေးရှင်း ကျောင်းသား၊ ကျောင်းသူများ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီက ပြည်တော်အေးစေတီတော်နှင့် အောင်တော်မူစေတီတော်ရင်ပြင်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အခမ်းအနားတွင် ကော့သောင်းမြို့ပေါ်နှင့် ကျေးရွာများတွင် ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိသည့် ဓမ္မစကူးကျောင်းသား၊ ကျောင်းသူ အင်အား ၄၉၀၀ ကျော်သည် အုပ်စုနှစ်စုခွဲကာ အောင်တော်မူစေတီတော်နှင့် ပြည်တော်အေးစေတီတော်သို့ မင်္ဂလာအောင်စည်အောင်မောင်းအဖွဲ့များ၊ ရေကင်းတော်ဓမ္မဂီတအဖွဲ့များ၊ ယောဂီမေတ္တာပို့ဝတ်ရွတ်အဖွဲ့များ၊ အိုးစည်ဗုံမောင်းဒိုးပတ်အကအခုန်အဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လမြတ်ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နေစေတနာရှင်မိဘပြည်သူများက စတုဒိသာအကျွေးအမွေးများဖြင့် လှူဒါန်းကြသည်။

ကော့သောင်းမြို့၌ မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးသင်တန်းကျောင်းများကို ၂၀၁၅ ခုနှစ် ဖွန်လမှစတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ရပ်ကွက်နှင့် ကျေးရွာများအနှံ့ ဓမ္မစကူးသင်တန်းကျောင်းပေါင်း ၂၀ ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၄၉၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက် (ဗုဒ္ဓဟူးနေ့)၊ နှစ် (၇၀)ပြည့် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင်သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ကုမ္ပဏီများကို တင်ဒါလုပ်ငန်းစိစစ်ရွေးချယ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော ကျေးလက်လမ်းများနှင့် အဝီစိတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ တင်ဒါစိစစ်ရွေးချယ်ခြင်းအခမ်းအနားကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်အောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းတို့က ကုမ္ပဏီများကို တင်ဒါစိစစ်ရွေးချယ်ခြင်းလုပ်ငန်းနှင့် တင်ဒါစည်းကမ်းချက်များ အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မော်လမြိုင်ကျွန်းမြို့နယ် ထိဆိပ်ဘုရားစု-လပွတ္တာလုတ်ကြီး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ကွင်းချောင်း-ရာဇူဗိုင်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ထီပါလယ်ကျေးရွာ အဝီစိတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် တက်ရောက်လာကြသောကုမ္ပဏီများထဲမှ တင်ဒါစည်းကမ်းနှင့်ညီညွတ်သော ကုမ္ပဏီများကို မြို့နယ်တင်ဒါ စိစစ်ရေးကော်မတီဝင်များက စိစစ်ရွေးချယ်ကြကြောင်း သတင်းရရှိသည်။

**မော်ကျွန်းမြင့်အောင်**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့အား အခမဲ့ဖွင့်လှစ်ပြသမည်

နေပြည်တော် ဇူလိုင် ၁၀

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို ရဟန်းရှင်လူ ပြည်သူလူထုနှင့် နိုင်ငံခြားသားများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် (နတ်မောက်)တို့ကို ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ဇူလိုင် ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည်

မိတ္ထီလာ ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက်မတည်ရန်ပုံငွေများကို မတည်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကျေးရွာများကို ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထပ်မံတိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် တောင်ဗီလာ၊ ညောင်ပင်လျို၊ ညောင်ပင်သာ(တောင်၊ မြောက်)၊ သစ်ဆိမ့်ပင်၊ ဇွေးကုန်း၊ ဂဠုန်ကုန်း၊ လေးထောင့်ကန်၊ ကျောင်းရွာ၊ ကလိန်ခြေ စသည့်ကျေးရွာ ၁၀ ရွာကို အရင်းမပျောက်မတည်ရန်ပုံငွေ ထုတ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသင်းမင်းလတ်နှင့် ဝန်ထမ်းများသည် ယမန်နေ့က အဆိုပါကျေးရွာများသို့ သွားရောက်ကာ ကျေးရွာမြစိမ်းရောင်ကော်မတီ ဖွဲ့စည်းပြီး ကျေးရွာလူထုသိရှိစေရန် မြစိမ်းရောင်စီမံကိန်း အကြောင်းများကို ရှင်းလင်းပြောကြားသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက်မတည်ရန်ပုံငွေများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ မတည်၍ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်ရန် နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၃၁ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၆၀၂)

## ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ကဗျာ

### ကမ္ဘာ့လူဦးရေနေ့ကို တို့ကြိုဆို

➤ "တစ်ထောင့်ကိုးရာ ခြောက်ဆယ်"မှာ
ကမ္ဘာ့လူဦးရေစုပေါင်းဟာ။
"သန်းပေါင်းခြောက်ထောင်" ပြည့်မှာဟု
ညီညာပေါင်းစု မှတ်ချက်ပြု။

➤ "နှစ်ထောင့်ငါးဆယ်" ရောက်ရင်ကွယ်
လူဦးရေတိုးနှုန်းမြင့်မားမယ်။
"သန်းပေါင်းကိုးထောင်"ပြည့်မည့်အရေး
ကြိုစည်တွေးကာစီစဉ်ပေး။

➤ နှစ်စဉ်တိုးနေ လူဦးရေများ
စားဝတ်နေရေး အလေးထား။
ကျန်းမာဆေးဝါး ကုသမှု
စနစ်တကျရွက်ဆောင် တို့ပြုစု။

➤ သစ်ပင်များစွာ စိုက်ပျိုးကာ
ဝန်းကျင်သာယာ စိမ်းလန်းဖြာ။
ထောက်ကူပေးကာ ထမ်းဆောင်လျက်
တာဝန်ကျေကာ ခရီးဆက်။
ကမ္ဘာမြေတွက် တို့ဆောင်ရွက်။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

www.facebook.com/themyawadydaily

# Y-8 လေယာဉ်ပြစ်စဉ်၌ ကျန်ရစ်သူမိသားစုများအတွက် အလှူငွေများပေးအပ်လှူဒါန်း



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်ထံ အလှူရှင်များကိုယ်စား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် ပျက်ကျသွားသော တပ်မတော်ပိုင်ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများ၏ ကျန်ရစ်သူမိသားစုများအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ပြုလုပ်သည်။

အလှူငွေပေးအပ်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၂၃၉၈၂၇၀၀ ကို အလှူရှင်များကိုယ်စား တိုင်းဒေသကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးက ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အားမျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှု မရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ်အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA
ကမ္ဘာ့လူဦးရေနေ့
"တိုင်းပြည်သာယာဖွံ့ဖြိုးဖို့ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်လို့ မိသားစုစီမံကိန်းချမှတ်စို့"
"Family Planning: Empowering People, Developing Nations"
၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

# တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဒသမအကြိမ် အစည်းအဝေးပြုလုပ်

နေပြည်တော် ဇူလိုင် ၁၀

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ဒသမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ (JMC-S)ရုံးခန်း၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ဒသမအကြိမ်အစည်းအဝေးကျင်းပစဉ်။

# KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လက်နက်ကြီးစထိမှန်၍ ကလေးငယ်တစ်ဦး သေဆုံး၊ ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိ



နယ်မြေခံတပ်မှ တာဝန်ရှိသူများက KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လက်နက်ကြီးစထိမှန်၍ဒဏ်ရာရရှိခဲ့သူကို သွားရောက်ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၀

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်း၌ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဇူလိုင် ၉ ရက် နံနက် ၃ နာရီခွဲတွင် လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ တိန်ကောက်ကျေးရွာ၏ တောင်ဘက် ၁ မိုင်ခွဲခန့်အကွာသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အဆိုပါနေရာအနီး တောင်ယာတဲရှိ အသက် နှစ်နှစ်အရွယ် မောင်ဆန်းနိုင်ဦး(ဘ) ဦးဆန်းနိုင်ဇော်မှာ လက်နက်ကြီးစထိမှန်သေဆုံးခဲ့ပြီး ဦးဆန်းနိုင်ဇော်နှင့် ဒေါ်အုတွန်နင်တို့တွင် လက်နက်ကြီးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ လူနာများအား တနိုင်းမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြိတ်မြို့အနီး၌ သစ်မှောင်ခိုစက်လှေတစ်စင်းဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို တရားမဝင်သစ်များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၀

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ယနေ့နံနက် ၂ နာရီ မိနစ် ၂၀ ခန့်တွင် မြိတ်မြို့၏တောင်ဘက် ၁၆ မိုင်ခန့်အကွာသို့အရောက်၌ မသင်္ကာဖွယ်စက်လှေတစ်စင်းအား မီးအချက်ပြခေါ် ယူစစ်ဆေးခဲ့ရာ တရားမဝင်တောသစ်ခွဲသားဆိုဒ်စုံ ၅ တန်ခန့်နှင့်အတူ ဦးစိုးလွင်(ဘ)ဦးလှထွန်း၊ ဦးမျိုးမင်း(ဘ)ဦးကြိုင်လှိုင်နှင့် ဦးမျိုးထွေး(ဘ) ဦးအောင်ထွေးတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများနှင့် တရားမဝင်သစ်များအား မြိတ်မြို့နယ်ရဲစခန်းနှင့် သစ်တောဦးစီးဌာနသို့ ဆက်လက်အပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

www.facebook.com/themyawadydaily



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Myanmar Tatmadaw goodwill delegation visits Ahmedabad

**Nay Pyi Taw July 10**

The Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services Senior General Min Aung Hlaing, who is on a goodwill visit to Ahmedabad in Gujarat State of the Republic of India, visited national leader Mahatma Gandhi's Memorial Museum at 5 pm local standard time on July 9.

On arrival at the Mahatma Gandhi's House on the bank of the Sabarmati River, officials of the Museum conducted round the Senior General and party. Then, the Senior General and party looked round Mahatma Gandhi's room, his wife's room and handwritten disciplines written by Mahatma Gandhi displayed at living room, the brief description of his life, utensils and traditional weaving. Afterwards, the Senior General singed the visitors' book.



Senior General Min Aung Hlaing and party observe utensils used by Mahatma Gandhi.

Then, the Senior General and party enjoyed the paintings that describe Mahatma Gandhi's historic movements including the portrait painting made of groundnut shells, statues and his bicycle on display. Then, the delegation posed for documentary photo together with the statue of Mahatma Gandhi near the museum.

In the evening, the Senior General and party went to River Front and enjoyed the night view of the Sabarmati River crossing at the heart of Ahmedabad. The officials formally welcomed the Senior General and party and explained the river bank development and beautifying project to the Senior General and party using video clips. In the past, Ahmedabad was flooded in the rainy season due to the Sabarmati River. In the time of Gujarat State Chief Minister Modi, there were no floods thanks to the systematic conservation of river water with dams and embankments. In addition, development and beautifying tasks along the river bank continue. The Senior General and party viewed the river bank, accompanied by Chief Executive Officer of the river bank beautifying project Mr. Rar Jay Shankar and officials. Then, they had documentary photos taken.

The Myanmar Tatmadaw goodwill delegation led by the Senior General arrived at TATA Motors Sanand Plant in Ahmedabad this morning. At the briefing hall, Plant Head Mr. Nerray Agarwal and officials explained manufacturing of TATA automobiles with the use of video clips. The Senior General raised questions he wanted to know. After exchanging commemorative gifts, they posed for documentary photo. Afterwards, the delegation members viewed TATA brand automobiles and production process of the automobiles in the factory.

Then, the Senior General and party visited the Solar Plant of Gujarat Energy Research Management Institute where officials conducted them round the plant. The Senior General and party raised questions they wanted to know. The Solar Plant is about five acres of land in generating electricity with the use of more than 4,000 solar panels. Electricity can be generated from sun ray without using batteries. So, one megawatt electricity is being generated from sun ray to directly supply it into the power grid for electrifying about 1,000 houses. Applying the electricity generating technology can directly produce electricity from sun ray at agricultural farms at day time. Farmers can generate and sell electricity through solar panels at their farms. So, the technology benefits farmers in the regions which receive good sun ray.



Senior General Min Aung Hlaing presents commemorative gift to an official from TATA Company.

In the afternoon, the Myanmar Tatmadaw goodwill delegation proceeded to Anand in Gujarat State and visited Amul Dairy Products Industry. At the meeting hall of the company, Managing Director Mr. RS Sodhi and officials explained history of production of Amul dairy products and distribution with the use of video clips.

After hearing the clarification, the Senior General asked about maintaining the cleanliness of milk, and free from chemicals in feedstuff of cows and dairy products. Mr. Sodhi replied to the questions on scrutinizing processes of task. Then, the Senior General discussed opportunities for producing dairy products in Myanmar. Next, the Senior General and party visited the factory. Afterwards, the Senior General signed the visitors' book.

Amul Dairy Products Industry scatters 67 factories across India to manufacture and distribute products on a wider scale not only at domestic market but to many countries.

Wife of the Senior General Daw Kyu Kyu Hla who is a member of the Tatmadaw goodwill delegation this morning arrived at No.11 Division headquarters in Ahmedabad and was welcomed by the wife of the division commander and party. They presented report on the functions of the women's social welfare society of the headquarters with the help of power point. After asking about more information, Daw Kyu Kyu Hla explained the structure and functions of the Tatmadaw organizing and discipline enforcement committees at different levels. She visited the families of the military personnel learning vocational education. Later, she visited the centre for caring disabled children at the headquarters and presented donations. Daw Kyu Kyu Hla then joined the tea party hosted by the families of the headquarters.



Senior General Min Aung Hlaing and party observe demonstration on traditional weaving at Mahatma Gandhi Museum.




Daw Kyu Kyu Hla presents donation to the ASHA School.



www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# Bagan hotels launch two-month price-cut program during Lawkananda Pagoda Festival



Photo shows Lawkananda Pagoda in Bagan.

**Yangon July 10**

Bagan-based hotels in cooperation with Jovago, a leading online hotel booking service in Asia and Africa, will decrease by 70 percent of accommodation fees at hotels for two months in commemoration of the Lawkananda Pagoda Festival.

Mr Frans Maas, managing director of Jovago Myanmar, said: "We monthly seek which regions and festivals attract the travellers. And we discussed with the officials of the hotels to give service to the travellers at reasonable prices. In this scheme, we plan that the travellers can accommodate at the four-star hotels at a price of about Ks-35,000 per head."

Per unit price of hotels will be decreased from 24 percent to 70 percent at 16 hotels in Bagan region for two months from early July to the end of September in an effort to attract the visitors to the Lawkananda Pagoda Festival.

Detailed information of the hotel prices can be looked at https://www.jovago.net/engb/bagan-pagoda-festival.

Moreover, Jovago in collaboration with domestic hotels is planning to decrease the prices of hotels from seven percent to 72 percent in 15 tourist hotspots of the country as the rainy season promotion.

The promotion covers hotels in most of the country's tourist hotspots including Chaungtha, Ngwehsaung and Ngapali beaches, Bagan, Hpa-An, and Kalaw.

"The period between June and September is the rainy season in Myanmar but in western countries, it is the summer vacation. That is a good time to attract tourists," said Ko Aung Tun Lin, a tourist guide working in Bagan region. **Aung**

## Myanmar to compete in 29 sports in Kuala Lumpur SEA Games

**Yangon July 10**

Myanmar will contest in 29 of 38 sports in 29th SEA Games to be hosted by Malaysia in Kuala Lumpur on August 19-30.

Myanmar athletes are expected to win medals in track and field, boxing, cycling, football, futsal, golf, hockey, Karatedo, yachting, Taekwondo, volleyball and weightlifting, according to Sports and Physical Education Department.

"We can win gold in seven of those 12 sports," said an official of the department.

A total of 405 athletes and 177 coaches and managers will go to contest sports in Malaysia. A total of 264 athletes from 15 sports are undergoing training in China.

SEA games are held biannually in South East Asian countries alternately. There will be a total of 405 events in 38 sports to be featured in the 29th SEA Games. This will be the sixth time Malaysia host the games and its first time since 2001.

**Ko Hsaung (Okkalar)**

## Foreign insurance companies want to operate businesses nationwide

**Yangon July 10**

Foreign insurance companies asked the government to give the green light to make investment nationwide as they will be allowed to operate their businesses in 2017, according to U Htay Paing of the Insurance Business Supervisory Board.

"There are a total of 24 foreign insurance companies which want to operate their business across the country. They ask for the operation of business in more places. An organization with local insurance experts is needed to be formed to scrutinize foreign companies. This organization will have to give the go-ahead to operate the businesses of foreign companies which meet the country's standards," said U Htay Paing.

As the foreign companies include 16 global giants, domestic insurers will have an uphill battle against their foreign rivals.

Although the international participation is something worrisome for local underwriters, they can get new technologies, new insurance services and knowledge from the newcomers.

In the insurance sector, the private companies were allowed to operate their businesses four years ago and they are now giving 23 types of insurance services to the public.

**Aung**

## Mon State Government to arrange bank loans for rubber growers

**Yangon July 10**

Mon State Government will arrange bank loans for rubber growers in the state to be able to produce high quality rubber, said Mon State Rubber Growers Association chairman Naing Kyan Yit.

"Kayin Ethnic Affairs Minister U Saw Myint Aung of Mon State Government has confirmed the plan to provide bank loans," he said. The State Government will provide technical assistance and also assist rubber growers to replace existing rubber plants with high-yield ones whose latex quality is better, according to the chairman.

